


VOLUME IX, ISSUE 5 4 JUNE 2026


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက် | ၁ |
| ၂ | နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်၍အဖွင့်အမှာစကားပြောကြား | ၈ |
| ၃ | ဒုတိယသမ္မတ ဦးညိုစော ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ | ၁၄ |
| ၄ | ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများအား တွေ့ဆုံ | ၁၆ |
| ၅ | တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ | ၁၈ |
| ၆ | တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ | ၂၀ |
| ၇ | နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်) (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် | ၂၃ |
| ၈ | အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို | ၂၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လူနေအဆောက်အအုံများအား ထပ်မံဖြိုချဖျက်ဆီး | ၂၈ |

# Information Sheet

## အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး ဇွန်လ ၃ ရက်၊ ညနေပိုင်းတွင် မွမ်ဘိုင်းမြို့၊ Chhatrapati Shivaji Magaraj အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ မဟာရာ့ရှ်ထရာ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ ကော်လ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့် ဆွေးနွေးချက်များကို ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့အပြင် သမိုင်းဝင်အထင်ကရနေရာများနှင့် စက်မှု၊ ဆိပ်ကမ်းနှင့် စွမ်းအင်ဆိုင်ရာစီမံကိန်းနေရာများကို သွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေး၊ ခရီးသွားဆိုင်ရာကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ပါသည်။





ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့်အတွက် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ အိန္ဒိယရိုးရာအကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်ထိလည်းကောင်း၊ တပ်မတော်လေဆိပ်အဝင် လမ်းတစ်လျှောက်တွင်လည်းကောင်း **“အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်ပါစေ၊ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုပါ၏”** ဟူသောစာတန်းများပါရှိသည့် ဗွီနိုင်းများကိုင်ဆောင်၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ အိန္ဒိယသမ္မတနိုင်ငံအလံတို့ကို အသီးသီး ကိုင်ဆောင်ဝှေ့ယမ်းကာ **“အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအဓွန့်ရှည်ပါစေ အမျိုးဘာသာသာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ကျန်းမာပါစေ၊ အိန္ဒိယ-မြန်မာချစ်ကြည်ရေး အဓွန့်ရှည်ပါစေ ”** ဟု ကြွေးကြော်လျက်လည်းကောင်း၊ လေဆိပ်မှ နေပြည်တော်သို့ ဝင်ရောက်ရာလမ်းတစ်လျှောက် အဓိကနေရာများရှိ LED Board များ၌လည်း နိုင်ငံတော်သမ္မတ၏ အိန္ဒိယခရီးစဉ် လှုပ်ရှားမှုပုံရိပ်များဖြင့် **‘ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုပါသည်”** ဟူ၍ ရေးသားဖော်ပြ၍လည်းကောင်း



သောင်းသောင်းဖြဖြကြိုဆို ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတသည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိစဉ် မီဒီယာများ၏မေးမြန်းမှုများအား ပြန်လည်ဖြေကြားရာတွင်-

- မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အဆိုပါခရီးစဉ်အား သွားရောက်ကာ အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်များဖြစ်သော သမ္မတကြီး၊ ဝန်ကြီးချုပ် မစ္စတာ မိုဒီတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့်အပြင် နိုင်ငံခြားရေးဝန်ကြီးနှင့်လည်း သီးခြားတွေ့ဆုံမှုများ ရှိခဲ့ကြောင်း။
- နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် နယ်ပယ်အသီးသီးတွင် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး သဘောတူညီချက်၊ ပူးတွဲ ကြေညာချက်လည်း ထုတ်ပြန်ခဲ့ကြောင်း။
- အိန္ဒိယနယ်စပ်ရှိ သက်ဆိုင်သူများအနေဖြင့် တိုင်းပြည်တိုးတက်ကောင်းမွန်စေရန်အတွက် ငြိမ်းချမ်းသောနည်းဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး ၎င်းတို့၏သဘောထားများအား ပြန်လည်သုံးသပ်ပြီးနောက်မှသာ မိမိတို့တိုင်းပြည်ကို ကောင်းမွန်အောင် ဆောင်ရွက်သွားရန် လိုကြောင်း။
- အလားတူ အကြောင်းအမျိုးမျိုးကြောင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် တခြားနယ်မြေများရှိ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့်လည်း တိုင်းပြည်အတွက် ပြန်လည်သုံးသပ်ပြီး တိုင်းပြည်အား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဒီမိုကရေစီနည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက တိုင်းပြည်အနေဖြင့် အမြန်ဆုံးတိုးတက်မည်မှာ သေချာပါကြောင်း။
- ကျောင်းများဖွင့်လှစ်ချိန်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ပြီး ပညာရေးမြှင့်တင်မှုများနှင့်အတူ အချိန်အတိုင်းအတာတစ်ခုပေးပြီး ကြိုးစားသွားမည်ဆိုပါက မိမိတို့မျှော်မှန်းထားသော လူမှုပန်းတိုင်များဆီသို့ ကောင်းကောင်းမွန်မွန် ရောက်ရှိမည်ဟု မျှော်မှန်းကြောင်း။

ခရီးစဉ်အနေဖြင့် အောင်မြင်မှုရှိခဲ့ပြီး ကောင်းသောမှတ်ချက်များရှိသည့်အတွက် မိမိတို့သွားရောက်ရသည်မှာလည်း





ပင်ပန်းရကျိုးနပ်ကြောင်းနှင့် ဗုဒ္ဓဂယာတွင် တိုင်းပြည်အေးချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ပြည်သူတွေ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ကြပါစေဟု ဆုတောင်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

- **နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး ဇွန်လ ၃ ရက်၊ ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့။**
- **နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် သီးခြားစီတွေ့ဆုံခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့်ဆွေးနွေးချက်များကို ဆွေးနွေးနိုင်ခဲ့သည့်အပြင် သမိုင်းဝင်အထင်ကရနေရာများနှင့် စက်မှု၊ ဆိပ်ကမ်းနှင့် စွမ်းအင်ဆိုင်ရာစီမံကိန်းနေရာများကို သွားရောက်လေ့လာခဲ့။**

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ














## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်၍အဖွင့်အမှာစကားပြောကြား





မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ (Myanmar-India Business Dialogue) ကို ဇွန်လ ၃ ရက်တွင် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့ရှိ The Taj Mahal Palace ဟိုတယ်၌ကျင်းပရာ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံ အမတ်ကြီးနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကနှင့်အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင်-

- မိမိအနေဖြင့် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းသမိုင်းဝင်အထင်ကရနေရာများစွာ တည်ရှိနေသည့်၊ The Gateway of India အဖြစ် လူသိများသည့် မွမ်ဘိုင်းမြို့ကို လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း။
- ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy) နှင့် အိမ်နီးချင်း ဦးစားပေးမူဝါဒ (Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။





- မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာကြာ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပွားခဲ့ရာမှ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီအရတည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ်ပေါ်ပေါက်ခဲ့သည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီဖြစ်သဖြင့် တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် အခြေအနေကောင်းများ မိမိတို့တွင်ရှိလာပြီဖြစ်ကြောင်း။

- နိုင်ငံရေးတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အဆွေတော်တို့အတွက် အခွင့်အလမ်းများစွာရှိလာမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

- မိမိအနေဖြင့်သမ္မတအဖြစ် တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ခြင်း ဖြစ်ကြောင်း။

- အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာစာချုပ်များလည်း ချုပ်ဆိုထားပြီးဖြစ်သကဲ့သို့ ယခင်ကတည်းက နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း ကုန်သွယ်မှုများပြုလုပ်ခဲ့ကြောင်း။

- နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် မိမိတို့မြန်မာနိုင်ငံဘက်မှ ထုတ်ပြန်သည့် စာရင်းများအရ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံမှပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၆ ဘီလီယံထိရှိခဲ့ပြီး အိန္ဒိယနိုင်ငံမှပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၆၀၀ မှ ၈၀၀ အကြားတွင်ရှိကြောင်း။

- မိမိအနေဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန် ဒေါ်လာ ၂ ဘီလီယံ ကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိရောက်ရှိအောင်ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဘီလီယံ အထိရောက်အောင် မျှော်မှန်းဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သလို ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရေး ကျပ်နှင့် ရူပီး တိုက်ရိုက်ပေးချေရေး သဘောတူညီထားပြီးဖြစ်ကြောင်း။

- မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များ ပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့် သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့်ပတ်သက်သည့်ပစ္စည်းများကို တင်သွင်းသွားလိုကြောင်း။

- မိမိတို့နိုင်ငံမှလည်း ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ အထည်အလိပ်



နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆန်နှင့်ရာဘာထွက် ပစ္စည်းများ တင်ပို့သွားလိုကြောင်း။

- အိန္ဒိယနိုင်ငံအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် လုပ်ငန်းများမြင့်မားသကဲ့သို့ ပညာရေးနှင့်ဆိုင်သည့် လုပ်ငန်းရပ်များသည်လည်း မြင့်မားသည်ကိုတွေ့ရှိရသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင်လည်း လာရောက် ရင်းနှီးမြှုပ်နှံသွားနိုင်ရန် အခွင့်အလမ်းများရှိကြောင်း။
- မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံ တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့်နိုင်ငံများတွင် ၁၁ နိုင်ငံ မြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်သောကြောင့် မိမိတို့ နိုင်ငံတွင်လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ကြောင်း။
- အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင် ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍစသည့် ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း။
- သတင်းအချက်အလက်၊ ဒီဂျစ်တယ်နှင့် အဆင့်မြင့် နည်းပညာ အခြေပြုကဏ္ဍတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံ အဖြစ် ရပ်တည်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ နည်းပညာ မြင့်လုပ်ငန်းများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီး မြှုပ်နှံလုပ်ကိုင်ရန် ဖိတ်ခေါ်လိုကြောင်း။
- ဆေးဝါးကုသမှုနှင့်ပတ်သက်၍လည်း အိန္ဒိယနိုင်ငံသည် ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ဆေးဝါးသွင်းကုန်များကို အိန္ဒိယနိုင်ငံမှ အများဆုံးတင်သွင်းလျက်ရှိသောကြောင့် ဆေးဝါးထုတ်လုပ် မှုလုပ်ငန်းများကို မြန်မာနိုင်ငံ၌ လာရောက်ဆောင်ရွက် နိုင်ကြောင်း။
- ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့။

အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များက အိန္ဒိယနိုင်ငံ မှစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင်



ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်သမ္မတအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဇီဝစွမ်းအင် (Bio Energy) ထုတ်လုပ်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်စက်ပစ္စည်းကိရိယာများနှင့် ဓာတ်မြေသြဇာများ ထုတ်လုပ်ရေးကဏ္ဍတို့နှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများအားဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ ဘိုင်အိုစွမ်းအင်နှင့် (Bio Energy) နှင့်ပတ်သက်၍လည်း လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကိုအဓိကထား ဆောင်ရွက်နေသည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍကို အမှန်တကယ်အကျိုးရှိစွာဖြင့် ဆောင်ရွက်နိုင်မည့်လုပ်ငန်းရပ်များရှိပါက ဖိတ်ခေါ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ပါသည်။

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Gateway of India, Mumbai သို့သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်းပြသကြပါသည်။

အဆိုပါ Gateway of India, Mumbai သည် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့၊ မွန်ဘိုင်း ပင်လယ်ကမ်းစပ်တွင်တည်ရှိသည့် ကမ္ဘာကျော်သမိုင်းဝင်အထိမ်းအမှတ် အဆောက်အအုံကြီးတစ်ခုဖြစ်ကြောင်း၊ ၁၉၁၅ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ အဆောက်အအုံ၏ ဗိသုကာလက်ရာသည် ၁၆ ရာစု ဂူဂျာရက်စတိုင်အစ္စလာမ်နှင့် ဟိန္ဒူရိုးရာဗိသုကာလက်ရာများကို ရောနှောပေါင်းစပ်ထားသည့် Indo-Saracenic စတိုင်ဖြစ်ပြီး အဝါရောင်သဲကျောက် (Yellow basalt) များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ အလယ်မုခ်ဦးခုံးကြီး၏ အမြင့်မှာ ၈၅ ပေခန့်ရှိကြောင်း၊ Gateway of India, Mumbai သည် မွန်ဘိုင်းမြို့

၏အထင်ကရပြယုဂ် (The Taj Mahal of Mumbai) ဟု တင်စားခေါ်ဆိုကြပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ပါဝင်စားစွာ လာရောက်လည်ပတ်ကြသည့် နေရာတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်ပြီး လေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

- **ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy) နှင့် အိမ်နီးချင်း ဦးစားပေးမူဝါဒ (Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ် ဖြစ်သည်ကို တွေ့ရမည်ဖြစ်။**
- **မိမိအနေဖြင့်သမ္မတအဖြစ် တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့်ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ခြင်းဖြစ်။**
- **မိမိအနေဖြင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဘီလီယံ၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထိရောက်အောင် မျှော်မှန်းဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သလို ကုန်သွယ်မှုတွင်လည်း ကျပ်နှင့် ရူပီး တိုက်ရိုက်ပေးချေရေး သဘောတူညီထားပြီးဖြစ်။**
- **မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့်နိုင်ငံများတွင် ၁၁ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်သောကြောင့် မိမိတို့နိုင်ငံတွင်လာရောက်၍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်။**
- **စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍစသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်။**
- **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်။**

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲသို့ တက်ရောက်၍အဖွင့်အမှာစကားပြောကြားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











# ဒုတိယသမ္မတ ဦးညိုစော ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ




**ဒုတိယသမ္မတ ဦးညိုစော ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

(၂၉) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum- SPIEF 2026) သို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC-Investments) ညွှန်ကြားရေးမှူး Mr . Alexander Sergeevich Shatirov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ဇွန်လ ၃ ရက်တွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ သီးခြားစီလက်ခံ တွေ့ဆုံခဲ့ပါသည်။

- **ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့်တွေ့ဆုံစဉ်** မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံကျယ်ပြန့်စွာ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊
- **ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံစဉ်** မြန်မာနိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် ရော့စ်ကွန်ဂရက်စ် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အကြား စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့၌ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း



**ဒုတိယသမ္မတ ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံနေမှု**

စဉ်များအလိုက် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး၊ ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့နှင့်အတူ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

- **ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏ အကြံပေးနှင့် ရော့စ်ကွန်ဂရက်စ် တာဝန်ရှိသူများအား သီးခြားစီ လက်ခံတွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ သတ္တု၊ ကုန်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများတွင် အကောင်အထည်ဖော်နေသည့် စီမံကိန်းများ၏ တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများအား တွေ့ဆုံ



ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဇွန်လ ၃ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများအား တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက-

- ပူးပေါင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုသည် လွှတ်တော်အစည်းအဝေးများတွင် ဥပဒေကြမ်းတစ်ခုချင်း၏အကြောင်းအရာများ၊ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် သက်ရောက်မှုများကို အသေးစိတ်လေ့လာဆွေးနွေးရန် အချိန်လုံလောက်ခြင်းမရှိသည့်အတွက် လွှတ်တော်အတွင်း ကော်မတီများဖွဲ့စည်းပြီး ဥပဒေများကို အသေးစိတ်လေ့လာစိစစ်ကာ အကြံပြုချက်များဖော်ထုတ်ခြင်း၊ ဥပဒေကြမ်းပါအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆွေးနွေး ဆုံးဖြတ်ခြင်းများစသည်တို့ကို အချိန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း။
- ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီအနေဖြင့် လွှတ်တော်နှစ်ရပ် သဘောတူညီသောဥပဒေကြမ်းများမှလွဲပြီး အခြားဥပဒေကြမ်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲထားသည့် ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်နှင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းစသည့် ဥပဒေကြမ်းများအားလုံးကို မိမိတို့ကော်မတီမှစိစစ်သုံးသပ်ပြီး သဘောထားမှတ်ချက် တင်ပြရမည်ဖြစ်ကြောင်း။

- ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇(ခ) အရ ပြည်ထောင်စု လွှတ်တော်၌ဆွေးနွေးဆုံးဖြတ်ရမည့် နှစ်စဉ်နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်လေ့လာစိစစ်ခြင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၁ အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ ရငွေသုံးငွေများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ် စိစစ်ခြင်း၊ ထိုကဲ့သို့စိစစ်ရာတွင် လွှတ်တော်သို့တင်ပြထားသည့် လျာထားရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ သုံးစွဲခွင့်ပြုထားသောငွေများကို သတ်မှတ်ထားသောကိစ္စအတွက် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသုံးစွဲခြင်း ရှိ၊ မရှိ၊ ထိရောက်စွာအသုံးပြု၊ မပြု၊ လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ၊ မရှိ စိစစ်ခြင်းနှင့် လုပ်ငန်းဌာနသို့ သွားရောက်စစ်ဆေးရန် လိုအပ်ပါက နာယက၏ ခွင့်ပြုချက်နှင့် ဆောင်ရွက်နိုင်ကြောင်း။
- ပူးပေါင်းကော်မတီဝင်များအနေဖြင့် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျ နားလည်ရန်နှင့် လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်မိရန်လည်း သတိပြုရန် လိုအပ်ကြောင်း။
- ပူးပေါင်းကော်မတီများအနေဖြင့် အထူးသတိပြုရမည်မှာ ဥပဒေကြမ်းများ၊ အစီရင်ခံစာများ အပေါ်စိစစ်တင်ပြသည့် နေရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေးမေးမြန်းခြင်းသည် လွှတ်တော်၏ Over Sight လုပ်ငန်းဖြစ်ပြီး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်ရှာဖွေစုဆောင်းခြင်းသာဖြစ်ကြောင်း။
- ကော်မတီဝင်များအနေဖြင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အခြားဆက်စပ်ဥပဒေများအားလုံးကို စေ့စေ့စပ်စပ်သေသေချာချာ လေ့လာပိုင်နိုင်ကြစေရန် လိုအပ်ကြောင်း ပြောကြားခဲ့။

ပူးပေါင်းကော်မတီနှစ်ရပ်၏ဥက္ကဋ္ဌ၊ ဒုတိယနာယက Jeng Phang နော်တောင်က မိမိတို့ ပူးပေါင်းကော်မတီများသည် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းများကို အတည်ပြုပေးနိုင်ရေး၊ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်၊ အခွန်အကောက်ဆိုင်ရာများကို စိစစ်အတည်ပြုနိုင်ရေးအတွက် အကောင်းဆုံးအထောက်အပံ့ပေးရသည့် ကော်မတီများဖြစ်ကြောင်း၊ ပူးပေါင်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံရေးဆွဲဖော်ပြထားပြီးဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် သေချာပိုင်နိုင်စွာ လေ့လာထားရှိရန် အကြံပြုပြောကြားလိုကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် ၅ နှစ်တာ ကာလအတွင်း လုပ်ငန်းများကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ပြီး ပြည်ထောင်စုလွှတ်တော် အမြဲတမ်းအတွင်းဝန်က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

- ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိ။
- ပူးပေါင်းကော်မတီဝင်များအနေဖြင့် မိမိတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျ နားလည်ရန်နှင့် လုပ်ပိုင်ခွင့် ထက်ကျော်လွန်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်မိရန်လည်း သတိပြုရန် လိုအပ်။
- ပူးပေါင်းကော်မတီများအနေဖြင့် အထူးသတိပြုရမည်မှာ ဥပဒေကြမ်းများ၊ အစီရင်ခံစာများ အပေါ်စိစစ်တင်ပြသည့် နေရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေးမေးမြန်းခြင်းသည် လွှတ်တော်၏ Over Sight လုပ်ငန်းဖြစ်ပြီး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်ရှာဖွေစုဆောင်း ခြင်းသာဖြစ်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ




တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ဇွန်လ ၃ ရက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့ လွှတ်တော်အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

- ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယ နေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့် အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်ခဲ့။

- မဲဆန္ဒနယ်အသီးသီးမှ တာဝန်ရှိသူများက မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့သူမြို့သားများသည် မိမိတို့နေထိုင်ရာ မြို့နယ်အတွင်း သွားလာနေမှုတွင် ဂိတ်နှစ်ဂိတ်တို့၏ အသုံးပြုခွင့် ကောက်ခံခြင်းကို ပေးဆောင်နေကြရသည့်ကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာသို့ ရေတို၊ ရေရှည်အစီအမံများ ချမှတ်၍ ကျောက်ချောလမ်း ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ ကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ဖြစ်ပေါ်လာစေရေးနှင့် ပတ်သက်၍လည်းကောင်း၊ ကလေးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများ မီးလင်းနိုင်ရေး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေး၊ ရာဇဗြိုဟ်ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်မွမ်းမံပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရေးကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ တောင်သူလယ်သမားများဘဝအတွက် လိုအပ်သည့် လုံလောက်သည့် ချေးငွေများ၊ စက်မှုကို အထောက်အကူ ဖြစ်စေသည့် လယ်ယာထွန်စက်များ၊ သီးနှံသိုလှောင်မှုနေရာ၊ နည်းပညာများနှင့် ဈေးကွက်များ ဖန်တီးပေးရေးနှင့် ပတ်သက်၍ လည်းကောင်း၊ မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည်အား ကျောက်စီကွန်ကရစ်ဆည်အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ကိစ္စရပ်နှင့် ပတ်သက်၍လည်းကောင်း၊ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံဈေးနှုန်းထိန်းညှိရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့။
- ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံနှင့် အတွင်းရေးမှူးအဖြစ် ချောင်းဦး မဲဆန္ဒနယ်မှ ဦးထွန်းလွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ဇွန်လ ၅ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၁၆)**

- **တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ဖြစ်ပေါ်လာစေရေး၊ တောင်သူလယ်သမားများဘဝအတွက် လိုအပ်သည့် လုံလောက်သည့်ချေးငွေများ၊ စက်မှုကို အထောက်အကူဖြစ်စေသည့် လယ်ယာထွန်စက်များ၊ သီးနှံသိုလှောင်မှုနေရာ၊ နည်းပညာများနှင့် ဈေးကွက်များ ဖန်တီးပေးရေးစသည့်ကိစ္စရပ်များအား ဆွေးနွေးဆောင်ရွက်ခဲ့။**

- ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပိုနှင့် အတွင်းရေးမှူးအဖြစ် ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ




တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့ကို ဇွန်လ ၃ ရက် က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေ စုစုပေါင်း ၂၁၉ ဦးရှိသည့်အနက် ၂၀၈ ဦး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ခဲ့ပါသည်။

အစည်းအဝေးတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က-

- **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ ဆိုလာဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မီတာခလျှော့ပေါ့ ကောက်ခံရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ခန္တီးမြို့တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် ဆိုလာစနစ်တစ်ခုတည်း မလုံလောက်သဖြင့် Hybrid စနစ်ဖြင့် ဆောင်ရွက်နေရကြောင်း၊ နေရောင်ခြည်မလုံလောက်သည့်ကာလများတွင် ဒီဇယ်ဓာတ်အားပေးစက်များ အသုံးပြုရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဓာတ်အားထုတ်လုပ်မှုသည် နေရောင်ခြည်ရရှိမှုအပေါ် မူတည်နေသဖြင့် ဆိုလာနှင့် ဘက်ထရီသာ အသုံးပြုပါက ၂၄ နာရီ ဓာတ်အားမပေးနိုင်ကြောင်း၊ သို့သော် ဓာတ်အားခ တစ်ယူနစ် ၉၀၀ ကျပ်ဖြင့် လျှော့ချကောက်ခံနိုင်ရေးအတွက် ခန္တီးမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြန်လည်ချုပ်ဆိုသွားရန် စီစဉ်ထားကြောင်း ပြန်လည်ဖြေကြားခဲ့။
- **ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ ဆီဆုံဂနိုင်၊ စံပယ်ကုန်း၊ တောင်သူကုန်းနှင့် တောင်ထိပ်ကျေးရွာများအား လျှပ်စစ်မီး**




**သွယ်တန်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** အဆိုပါကျေးရွာများတွင် ဓာတ်အားလိုင်းများကို ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ပြီးဖြစ်သော်လည်း လက်ရှိဓာတ်အားပေးစက်ရုံ၏ ဝန်အားကန့်သတ်ချက်ကြောင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးကြောင်း ရှင်းလင်းဖြေကြားခဲ့ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ဇော်ဂျီ(၂)-ကျောက်ဂူ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးကို ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများ ပြီးစီးပါက ကျေးရွာ လေးရွာအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာလေးရွာတွင် ထပ်မံ တည်ဆောက်ရန် လိုအပ်သည့် ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမည့်ကာလနှင့် ကိုက်ညီအောင် ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် နှစ်အလိုက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့။

- **ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် Solar Power Project အကောင်အထည်ဖော်မည့် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** မာန်အောင်ကျွန်းတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံ KOICA တို့ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာမှုအရ အဆင့်(၃)ဆင့်ဖြင့် Solar Power Plant များ တည်ဆောက်ကာ ဓာတ်အားပေးနိုင်ရေး စီမံချက်ရေးဆွဲထားကြောင်း၊ ပထမအဆင့်အနေဖြင့် မာန်အောင်ကျွန်း၊ အုန်းမော်ကျေးရွာတွင် Posco Daewoo ၏ လှူဒါန်းမှုဖြင့် 0.5 MW ဆိုလာ-ဘက်ထရီ-ဒီဇယ် Hybrid ဓာတ်အားစက်ရုံကို တည်ဆောက်ပြီး ၂၀၁၉ နိုဝင်ဘာမှစ၍ မာန်အောင်မြို့ပေါ် ၅ ရပ်ကွက်နှင့် ကျေးရွာ ၄ ရွာအား ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ကျေးရွာ ၆၂ ရွာနှင့် အိမ်ထောင်စု ၆၂၄၁ စုကို ဓာတ်အားပေးနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများကို ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကြိုတင်တည်ဆောက်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ၂.၅ MW ဆိုလာ–ဘက်ထရီ–ဒီဇယ် Hybrid စက်ရုံကိုလည်း အဆင့်လိုက် ဆက်လက်တည်ဆောက်မည်ဖြစ်ကာ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့။

- **ထို့ပြင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် ဆိုလာစနစ်သုံး လမ်းမီးတပ်ဆင်ပေးရေး အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်ပတ်သက်၍** လက်ရှိတွင် လမ်းမီးအလုံးရေ ၂၀၀၀ ခန့်အနက် ၁၀၀၀ ကို တပ်ဆင်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ဆိုလာလမ်းမီးများကိုလည်း လာမည့် ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်းကို ဥက္ကဋ္ဌနှင့် ဦးအောင်ချစ်လွင်ကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးရန် တင်ပြခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို တင်သွင်းခဲ့ပြီး ယင်းဥပဒေကို ပြဋ္ဌာန်းပါက Anti-Scam Centre ဖွဲ့စည်းကာ ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆက်သွယ်ရေးကဏ္ဍများကို API စနစ်ဖြင့် ချိတ်ဆက်၍ လိမ်လည်မှုများကို တားဆီးနိုင်မည်ဟု ရှင်းလင်းခဲ့သည်။ ဥပဒေကြမ်းကော်မတီက အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ဖတ်ကြားတင်ပြခဲ့သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းလိုပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပြီး တတိယနေ့ကို ဇွန်လ ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

- **တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ခန္တီး၊ ရပ်စောက်၊ မာန်အောင်နှင့် ကျောက်ဖြူဒေသများ ၏ လျှပ်စစ်စီမံကိန်းများ၊ ဆိုလာစနစ်နှင့် ဓာတ်အားလိုင်းတိုးချဲ့မှုများကို ရှင်းလင်းဖြေကြားခဲ့ပြီး အချို့စီမံကိန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ဘတ်ဂျက်အပေါ်မူတည်ကာ ဆက်လက်အကောင်အထည်ဖော်မည်ဟုပြောကြားခဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန်တင်ပြခဲ့ပြီး အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို တင်သွင်းကာ Anti-Scam Centre ဖွဲ့စည်း၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် လိမ်လည်မှုများကို တားဆီးနိုင်မည်ဟု ရှင်းလင်းခဲ့။**

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နိုင်ငံတော်အစိုးရအနေဖြင့် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်း အပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်) (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအဖွဲ့တို့မှ အဖွဲ့ဝင် အမျိုးသား ၈ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြပါသည်။

- ဇွန်လ ၃ ရက်တွင် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ၁ ဦး၊ ဘားအံမြို့နယ်မှ ၁ ဦး မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်မှ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်မှ ၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်း မြို့နယ်မှ ၁ ဦး၊ မွန်ပြည်နယ်၊ ရေးမြို့နယ်မှ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်မှ ၁ ဦးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်မှ ၁ ဦး၊ စုစုပေါင်း (၈) ဦးတို့သည် ၎င်းတို့နှင့်အတူပါရှိလာသည့် ကာဘိုင်သေနတ် ၁ လက်၊ AK-47 သေနတ် ၁ လက်၊ M4 A1 သေနတ် ၁ လက်၊ SUR-M9 A-2 YSRA 1YSO1-2419684 9mm အမျိုးအစားပစ္စတိုသေနတ် ၁ လက်၊ ကျည် ၁၅၀ တောင့်၊ ကျည်အိမ် ၆ ခု၊ စကားပြောစက် ၁ လုံး (အားသွင်းကြိုးပါ)၊ လက်ထိပ် ၁ စုံတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သေနတ် ၃ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀၊ ပစ္စတိုသေနတ် ၁ လက်အတွက်



ဆုကြေးငွေ ကျပ်သိန်း ၂၀၊ စကားပြောစက် ၁ လုံးအတွက် ဆုကြေးငွေ ကျပ် ၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၂၄ သိန်း၊ စုစုပေါင်း ဆုကြေးငွေ ကျပ် ၁၉၆ သိန်းနှင့် လက်ဆောင်ပစ္စည်းများအားပေးအပ်ကာ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည် လွှဲပြောင်းအပ်နှံပေးခဲ့။

- ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အဖွဲ့ဝင် အမျိုးသား ၃,၀၂၉ ဦးနှင့် အမျိုးသမီး ၄၁၂ ဦး၊ စုစုပေါင်း ၃,၄၄၁ ဦးရှိပြီဖြစ်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

- **၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အဖွဲ့ဝင် အမျိုးသား ၃,၀၂၉ ဦးနှင့် အမျိုးသမီး ၄၁၂ ဦး၊ စုစုပေါင်း ၃,၄၄၁ ဦးရှိပြီဖြစ်။**

**နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်) (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၈ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**











# အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ကယားပြည်နယ်အတွင်း ဒေသတစ်ဝိုက်စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန်လ ၃ ရက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက်၍ ဂုဏ်ပြုကြိုဆိုခဲ့ကြပါသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြောင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

- **အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ခဲ့ပြီး တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့။**

## အောင်ပွဲအလီလီရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ













## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လူနေအဆောက်အအုံများအား ထပ်မံဖြိုချဖျက်ဆီး

ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးမှု




မြန်မာနိုင်ငံအစိုးရအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအား အဆောက်အအုံ အမျိုးအစားအလိုက် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး၊ ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံး ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၃ ရက်တွင် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် တရားမဝင် ၃ ထပ်လူနေအဆောက်အအုံ ၃ လုံးအား ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၃၀ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ပါသည်။

ဖျက်ဆီးရန်ကျန်ရှိနေသော တရားမဝင်အဆောက်အအုံ ၄၇ လုံးအား ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၆-၂၀၂၆)**

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လူနေအဆောက်အအုံများအား ထပ်မံဖြိုချဖျက်ဆီးခဲ့သည့်မှတ်တမ်းဓာတ်ပုံများ

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
| --- | --- |
|  |  |
|  |  |
|  |  |

- အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၇၇ လုံး အနက် ၃ ထပ် လူနေအဆောက်အအုံ ၃ လုံးကို ထပ်မံဖျက်ဆီးခဲ့ရာ စုစုပေါင်း အဆောက်အအုံ ၃၀ လုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်။